ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၄ /၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သည် အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၅ (ဌ)အရ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းရန်နှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ရန် အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

## အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းဆိုင်ရာအမိန့်

၁။ အာဏာပိုင်အဖွဲ့သည် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီ

(၁) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး သို့မဟုတ် ကုသရေးဦးစီးဌာနမှူး — ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သို့မဟုတ် ကုသရေးဦးစီးဌာန

(၂) အထူးကုဆရာဝန်ကြီး(ဆေးပညာ သို့မဟုတ် ခွဲစိတ်ကုပညာ) — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီး

(၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန

(၄) ဒုတိယရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(၅) ဌာနမှူး/ ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေးကော်မတီ/
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
စားသုံးသူရေးရာဦးစီးဌာန

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် — အတွင်းရေးမှူး
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ခ) ခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ

(၁) ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး သို့မဟုတ် — ဥက္ကဋ္ဌ
ခရိုင်ကုသရေးဦးစီးဌာနမှူး
ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သို့မဟုတ်
ခရိုင်ကုသရေးဦးစီးဌာန

(၂) အထူးကုဆရာဝန်ကြီး(ဆေးပညာ သို့မဟုတ် ခွဲစိတ်ကုပညာ) — အဖွဲ့ဝင်
ခရိုင်ပြည်သူ့ဆေးရုံကြီး

(၃) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်
ခရိုင်ရဲတပ်ဖွဲ့မှူးရုံး

(၅) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၆) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
ခရိုင်စားသုံးသူရေးရာဦးစီးဌာန

(၇) ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူး အတွင်းရေးမှူး
သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့်
လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦး
ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ဂ) မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ

(၁) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး သို့မဟုတ် ဥက္ကဋ္ဌ
မြို့နယ်ကုသရေးဦးစီးဌာနမှူး
မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သို့မဟုတ်
မြို့နယ်ကုသရေးဦးစီးဌာန

(၂) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) မြို့နယ်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်
မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး

(၄) မြို့နယ်အုပ်ချုပ်ရေးမှူး/ မြို့နယ်အမှုဆောင်အရာရှိ အဖွဲ့ဝင်
မြို့နယ်စည်ပင်သာယာရေးကော်မတီ/
မြို့နယ်စည်ပင်သာယာရေးအဖွဲ့

(၅) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၆) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
မြို့နယ်စားသုံးသူရေးရာဦးစီးဌာန

(၇) ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကျန်းမာရေးအရာရှိ အတွင်းရေးမှူး
သို့မဟုတ် ကျန်းမာရေးမှူးတစ်ဦး
မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အစားအသောက်နှင့်ဆေးဝါးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့်စပ်လျဉ်း၍ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ သို့မဟုတ် အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့က တာဝန်ပေးအပ်ထားသည့် ဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) အစားအသောက်နှင့်ဆေးဝါးများ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်သူသည် အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာမှု ရှိ မရှိ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ဆေးဝါးရောင်းချခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ခရိုင် သို့မဟုတ် မြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများကို လိုအပ်ပါက ဥပဒေနှင့်အညီ လမ်းညွှန်ချက်များချမှတ်ခြင်း။

၃။ ခရိုင်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခရိုင်အတွင်းရှိ အစားအသောက်နှင့်ဆေးဝါးထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်သူသည် အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာမှု ရှိ မရှိ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ဆေးဝါးရောင်းချခွင့်လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများကို လိုအပ်ပါက ဥပဒေနှင့်အညီ လမ်းညွှန်ချက်များ ချမှတ်ခြင်း။

၄။ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်အတွင်းရှိ အစားအသောက်နှင့် ဆေးဝါးထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်သူသည် အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) အစားအသောက်ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်သူသည် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ကဖြစ်စေ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို လိုက်နာမှု ရှိ မရှိ ကြီးကြပ်ခြင်းနှင့် လိုက်နာခြင်းမရှိသည့် လုပ်ငန်းများကို အရေးယူနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) အစားအသောက် စစ်ဆေးရေးမှူး၏ စစ်ဆေးတွေ့ရှိချက်အရ အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၂၁၊ ၂၂၊ ၂၃၊ ၂၄ နှင့် ၂၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ဆေးဝါးရောင်းချခွင့်လိုင်စင် လျှောက်ထားသည့်ကိစ္စရပ်ကို စိစစ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) ဆေးဝါးထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်သူသည် ဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို လိုက်နာမှု ရှိ မရှိ ကြီးကြပ်ခြင်းနှင့် လိုက်နာခြင်း

မရှိသည့် လုပ်ငန်းများကို မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့က ဖြစ်စေ၊ ယင်းကိစ္စအလို့ငှာ တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းကဖြစ်စေ အရေးယူနိုင်ရေး တင်ပြခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ခရိုင်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများ၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း။

၅။ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ ၁၁-၁-၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ ဖြင့် ထုတ်ပြန်ခဲ့သည့် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာအမိန့်ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာသက်ခိုင်ဝင်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့

စာအမှတ်၊ ၄ မခ(လ)၂၀၂၄/ ၁၀၆၄၁

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့အားလုံး

ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့ဌာနမှူးများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအားလုံး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများအားလုံး